## ပြည်တွင်းအကြံပေး၏ လုပ်ငန်းလမ်းညွှန်

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

## ပြည်ထောင်စုအစီရင်ခံစာအား မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြုစုရေးသားခြင်း

**နောက်ခံအကြောင်းအရာ**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄ သန်းခေါင်စာရင်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊

( ခ) ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊

( ဂ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာတွင်လိုအပ်သော အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဃ) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် (National Statistical System) ၏ စာရင်းအင်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics– NSDS) ကို အထောက်အပံ့ပြုနိုင်ရန်။

၂။ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးနောက် ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အစီရင်ခံစာထုတ်ပြန်ရာတွင် ကနဦးအဖြစ် ပြည်ထောင်စုအစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ) ပြုစုရေးသားထုတ်ပြန်ရမည် ဖြစ်ပါသည်။

**ပြည်တွင်းအကြံပေးပုဂ္ဂိုလ်ငှားရမ်းခြင်း ရည်ရွယ်ချက်**

၃။ ပြည်တွင်းအကြံပေးပုဂ္ဂိုလ်ငှားရမ်းခြင်း၏ ရည်ရွယ်ချက်မှာ သန်းခေါင်စာရင်း အချက်အလက်များအား ဆန်းစစ်လေ့လာပြီး ပြည်ထောင်စုအစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ) ပြုစုရေးသားရန်ဖြစ်ပါသည်။

**လုပ်ငန်းတာဝန်များ**

၄။ ပြည်တွင်းအကြံပေးသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပါသည်–

(က) ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ) ရေးသားပြုစုရန်၊

(ခ) ပြည်ထောင်စုအစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ) ရေးသားရန်အတွက် သန်းခေါင်စာရင်းအချက်အလက်များအား ဆန်းစစ်လေ့လာရန်၊

(ဂ) ရေးသားပြီးသည့် ပြည်ထောင်စုအစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ) အား အတည်ပြုချက်ရရှိသည်အထိ ပြင်ဆင်ဖြည့်စွက်ခြင်းများဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြရန်။

**တာဝန်ထမ်းဆောင်ချိန်ကာလ**

၅။ ပြည်တွင်းအကြံပေးသည် စာချုပ်လက်မှတ်ရေးထိုးပြီးနောက် တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အလုပ်လုပ်ရက်မှာ (၄၅) ရက်ခန့်ဖြစ်ပါသည်။ အဆိုပါကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်များ (Working Procedures) အား အချိန်သတ်မှတ်ချက်နှင့်တကွ တင်ပြရပါမည်။

**အချိန်မီဆောင်ရွက်ပေးရမည့်လုပ်ငန်း (Deliverable)**

၆။ ပြည်တွင်းအကြံပေးသည် လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်မှစ၍ သတ်မှတ်အချိန်ဇယားအတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာ) အား အချိန်မီပြုစုတင်ပြရမည်ဖြစ်ပါသည်။

**ကြီးကြပ်သူနှင့် ကြီးကြပ်မှုပုံစံ**

၇။ ပြည်တွင်းအကြံပေးသည် ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ အထွေထွေကြီးကြပ်မှု၊ ညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဌာန၏ နေ့စဉ်အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။ ပြည်တွင်းအကြံပေးသည် ဌာနတွင်း အရာထမ်းများဖြင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

**လိုအပ်သည့်ပညာအရည်အချင်းနှင့် အတွေ့အကြုံများ**

၈။ ပြည်တွင်းအကြံပေးသည် အနည်းဆုံး အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများ ရှိရမည်–

(က) အနည်းဆုံး လူဦးရေပညာ၊ စာရင်းအင်းပညာ၊ စီးပွားရေးပညာများနှင့် ဆက်စပ်သော မဟာဘွဲ့ ရရှိရမည်။ ဘွဲ့လက်မှတ်များ ပူးတွဲတင်ပြရမည်။

(ခ) အစီရင်ခံစာများ ပြုစုရေးသားခြင်း အတွေ့အကြုံရှိရမည်။

(ဂ) မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကောင်းမွန်စွာ ရေးသားပြောဆို နိုင်သူ ဖြစ်ရမည်။

**ငွေပေးချေမှု**

၉။ ပြည်တွင်းအကြံပေးမှ တင်ပြလာသည့် လုပ်ငန်းအချိန်ဇယားပါ ရာခိုင်နှုန်းအလိုက် ပြီးစီးမှုအပေါ် ညွှန်ကြားရေးမှူးချုပ်မှ ကျေနပ်မှုရှိမှသာလျှင် ငွေပေးချေသွားမည်ဖြစ်ပါသည်။ ငွေပေးချေမှုအား မြန်မာကျပ်ငွေဖြင့် ပေးချေသွားမည်ဖြစ်ပါသည်။

**ပြစ်မှုပြစ်ဒဏ်များ**

၁၀။ ပြည်တွင်းအကြံပေးသည် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေအပါအဝင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအားလုံးကို လိုက်နာရမည်ဖြစ်ပြီး ပြစ်မှုကျူးလွန်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။